# ဘိုဏ်လာ ဥပဒေ

## ဘိလ္လာဥပဒေ

[၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဘွိုင်လာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **ဘွိုင်လာ** ဆိုသည်မှာ ရေနွေးငွေ့စွမ်းအင်ကို ပြင်ပ၌ အသုံးပြုရန် အပူရှိန်ဖြင့် ရေနွေးငွေ့ ထုတ်လုပ်ပေးသည့် အလုံပိတ်ဖိအားခံအိုးကိုဆိုသည်။ ယင်းဖိအားခံအိုးတွင် တပ်ဆင်ထားသည့် ဖိခံအားအစိတ်အပိုင်း များလည်းပါဝင်သည်။ သို့ရာတွင် ၂၅ လီတာ သို့မဟုတ် ၅.၅ ဂါလံအောက် လျော့နည်း၍ဝင်ဆံ့သောဖိအားခံအိုးများသည် လည်းကောင်း၊ တစ်စတုရန်း စင်တီမီတာပေါ်တွင် တစ်ကေဂျီအက်(ဖ်) သို့မဟုတ် တစ်စတုရန်းလက်မပေါ်တွင် ၁၄.၂ ပေါင်ဖိအားအောက် လျော့နည်းသော ဖိအားခံအိုးများ သည်လည်းကောင်း၊ ယင်းဖိအားခံအိုးတွင် တပ်ဆင်ထားသည့် ဖိအားခံ အစိတ်အပိုင်းများသည် လည်းကောင်း အကျုံးမဝင်၊

(ခ) **ရေနွေးငွေ့ပိုက်** ဆိုသည်မှာ ရေနွေးငွေ့စွမ်းအင်ကို အသုံးပြုမည့်နေရာသို့ ရေနွေးငွေ့ပို့ရန်ဘွိုင်လာမှသွယ်တန်းထားသော ပင်မပိုက်ကိုဆိုသည်။ ယင်းပင်မပိုက်တွင် တပ်ဆင်ထားသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်။သို့ရာတွင် တစ်စတုရန်း စင်တီမီတာပေါ်တွင် ၃.၅ ကေဂျီအက်(ဖ်) သို့မဟုတ် တစ်စတုရန်းလက်မပေါ်တွင် ၅၀

ပေါင်အောက် လျော့နည်း၍ ရေနွေးငွေ့ဖိအားခံရသော ပိုက်များသည်လည်းကောင်း၊ အတွင်းဘက်အချင်း ၂၅၄ မီလီမီတာ သို့မဟုတ် ၁၀ လက်မအောက် လျော့နည်းသော ပိုက်များသည်လည်းကောင်း၊ ယင်းပိုက်များတွင် တပ်ဆင်ထားသော ပစ္စည်း ကိရိယာ များ သည် လည်းကောင်း အကျုံးမဝင်၊

(ဂ) ရေသွင်းပိုက် ဆိုသည်မှာ ဘွိုင်လာအတွင်းသို့ ဘွိုင်လာ သုံးရေဖြတ်သန်းသွားသည့်လိုးဝ သို့မဟုတ် အချို့အဝက် ဖိအားခံရသော ပိုက်ကိုဆိုသည်။ ယင်းပိုက်တွင် တပ်ဆင် ထားသော ပစ္စည်းကိရိယာများလည်းပါဝင်သည်၊

(ဃ) မတော်တဆထိခိုက်မှုဖြစ်ပွားခြင်း ဆိုသည်မှာ ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခု ပေါက်ကွဲခြင်း၊ သို့မဟုတ် ခိုင်မာမှုဆုတ်ယုတ်ခြင်းကြောင့် ပေါက်ကွဲစေ နိုင်သော ယိုယွင်းမှု ဖြစ်ပေါ်ခြင်းကိုဆိုသည်၊

(င) စစ်ဆေးရေးမှူးချုပ် ဆိုသည်မှာ ဤဥပဒေပါ ဘွိုင်လာ စစ်ဆေးရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထမ်းဆောင်ကျင့်သုံးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနက ခန့် အပ်ထားသော ပုဂ္ဂိုလ်ကိုဆိုသည်၊

(စ) စစ်ဆေးရေးမှူး ဆိုသည်မှာ ဤဥပဒေပါ ဘွိုင်လာ စစ် ဆေးရေးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ထမ်းဆောင် ကျင့်သုံးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနက ခန့်အပ်ထား သော ပုဂ္ဂိုလ်ကိုဆိုသည်၊

(ဆ) ခွင့်ပြုဖိအား ဆိုသည်မှာ သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်သည့် မြန်မာနိုင်ငံတော် စံ သို့မဟုတ် အပြည် ပြည်ဆိုင်ရာ စံ အဖွဲ့က သတ်မှတ်သည့် စံ များနှင့်အညီ စစ်ဆေးတွက်ချက်၍ ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်း ပိုက်တွင် အသုံးပြုရန် ခွင့်ပြုသော ဖိအားကိုဆိုသည်၊

(ဇ) အသုံးပြုခွင့်လက်မှတ် ဆိုသည်မှာ သတ်မှတ်သော ခွင့်ပြုမိအားဖြင့် သတ်မှတ်သည့်ကာလအတွင်း ဘိုင်လာကို အသုံးပြုရန် စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးသည့် လက်မှတ်ကို ဆိုသည်၊

(ဈ) ယာယီအသုံးပြုခွင့်လက်မှတ် ဆိုသည်မှာ အသုံးပြုခွင့် လက်မှတ် မရရှိမီ သင့်လျော်သော ခွင့်ပြုမိအားဖြင့် ခြောက်လထက် မကျော်သည့်ကာလအတွက် ဘိုင်လာကို အသုံးပြုရန် စစ်ဆေးရေးမှူးက ထုတ်ပေးသည့်လက်မှတ် ကို ဆိုသည်၊

(ည) ပိုင်ရှင် ဆိုသည်မှာ ဘိုင်လာပိုင်သူ၊ ဘိုင်လာပိုင်သူ၏ ကိုယ်စားလှယ်အဖြစ်ဖြင့် ဘိုင်လာကို အသုံးပြုသူ၊ ဘိုင်လာပိုင်သူထံမှ အခကြေးငွေဖြင့် ငှားရမ်း၍ အသုံး ပြုသူ၊ ဘိုင်လာကို အခကြေးငွေ မပါပဲ ငှားရမ်း၍ အသုံးပြုသူ၊ ဘိုင်လာအသုံးပြုခြင်းကို ကြီးကြပ်ကွပ်ကဲ သူကို ဆိုသည်။

## အခန်း (၂)

## ပိုင်ရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃။ ပိုင်ရှင်သည်—

(က) မှတ်ပုံမတင်ရသေးသော ဘိုင်လာကို အသုံးပြုနိုင်ရေး အတွက် မှတ်ပုံတင်ပေးရန် သတ်မှတ်သည့်နည်းလမ်းနှင့် အညီ သက်ဆိုင်ရာ စစ်ဆေးရေးမှူးထံသို့ လျှောက်ထား ရမည်၊

(ခ) အသုံးပြုခွင့်လက်မှတ် ပျက်ပြယ်သည့်အခါ ဘိုင်လာကို ဆက်လက်၍ အသုံးပြုနိုင်ရေးအတွက် အသုံးပြုခွင့် လက်မှတ်အသစ်ကို ထုတ်ပေးရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ သက်ဆိုင်ရာ စစ်ဆေးရေးမှူးထံသို့ လျှောက်ထားရမည်၊

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) အရ လျှောက်ထားသည့် အခါ သတ်မှတ်သောအခကြေးငွေကို ပေးဆောင်ရမည်။

၄။ ပိုင်ရှင်သည် အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့် လက်မှတ်ကို ရရှိထားစေကာမူ အောက်ပါကိစ္စ တစ်ရပ်ရပ်ကို ဆောင်ရွက် လိုပါက ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ စစ်ဆေးရေးမှူးထံသို့ ကြိုတင် လျှောက်ထားရမည်—

(က) ဘိုင်လာကို ခွင့်ပြုဖိအားထက် ပိုမိုသုံးစွဲခြင်း၊

(ခ) ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက် တစ်ခုခုကို ဖြစ်စေ၊ ယင်း ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက် တစ်ခုခုတွင် တပ်ဆင်ထား သော ဖိအားခံ အစိတ်အပိုင်း တစ်ခုခုကို ဖြစ်စေ၊ ဘိုင်လာတွင် တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်း

တစ်ခုခုကိုဖြစ်စေ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်လဲခြင်း၊ သို့ရာတွင် မူလပစ္စည်းအောက် အရည်အသွေး မယုတ်လျော့သည့် ပစ္စည်းဖြင့် ခွင့်ပြုမိအားကို မထိခိုက်သည့် ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်လဲခြင်း မပါဝင်။

၅။ ပိုင်ရှင်သည် အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဖြစ်စေ၊ ယင်းအမှုဆောင်အဖွဲ့က တာဝန်ပေးအပ်သော ပုဂ္ဂိုလ်က ဖြစ်စေ၊ စစ်ဆေးရေးမှူးချုပ်က ဖြစ်စေ၊ စစ်ဆေးရေးမှူးက ဖြစ်စေ၊ မြို့နယ်ဦးစီးဌာနမှူး (အလုပ်ရုံစစ်ဆေးရေး) က ဖြစ်စေ တောင်းဆိုသည့်အခါ တင်ပြရမည်။

၆။ ပိုင်ရှင်သည် သက်တမ်းမကုန်ဆုံးမီ ပျက်ပြယ်သော အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို သက်ဆိုင်ရာ စစ်ဆေးရေးမှူးထံသို့ အမြန်ဆုံးပြန်လည်အပ်နှံရမည်။

၇။ ပိုင်ရှင်တစ်ဦးမှ တစ်ဦးသို့ ဘွိုင်လာကိုလွှဲပြောင်းပေးအပ်သည့်အခါ မူလပိုင်ရှင်က အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီ အသုံးပြုခွင့်လက်မှတ်ကိုလည်း လွှဲပြောင်းပေးအပ်ရမည်။ ထိုသို့ လွှဲပြောင်းပေးအပ်ပြီးကြောင်းကို လွှဲပြောင်းပေးအပ်သည့် နေ့ရက်မှစ၍ တစ်ဆယ့်ငါးရက်အတွင်း စစ်ဆေးရေးမှူးထံသို့ စာဖြင့်အကြောင်းကြားရမည်။

၈။ ပိုင်ရှင်သည် မတော်တဆ ထိခိုက်မှု ဖြစ်ပွားခြင်းကို သက်ဆိုင်ရာ စစ်ဆေးရေးမှူးထံသို့ အမြန်ဆုံး အကြောင်းကြားရမည်။

၉။ ပိုင်ရှင်သည်—

(က) ဘွိုင်လာကို ခွင့်ပြုဖိအားထက် ကျော်လွန်၍မသုံးရ၊

(ခ) ခွင့်ပြုဖိအားထက် ကျော်လွန်စေရန် ဆေးဖတီးဗားကို ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်ရ

(ဂ) ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) ပါ ကိစ္စကို ခွင့်ပြုချက်မရှိပဲ မပြု

၁၀။ ပိုင်ရှင်သည် အောက်ဖော်ပြပါ ဘိုင်လာကို အသုံးမပြုရ—

(က) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီ အသုံးပြုခွင့် လက်မှတ်မရှိသော ဘိုင်လာ၊

(ခ) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီ အသုံးပြုခွင့် လက်မှတ် ပျက်ပြယ်သည့်ဘိုင်လာ၊

(ဂ) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီ အသုံးပြုခွင့် လက်မှတ် ရုပ်သိမ်းခံရသည့် ဘိုင်လာ။

၁၁။ (က) ပိုင်ရှင်သည် စစ်ဆေးရေးမှူးချုပ် သတ်မှတ်ပေးသည့် မှတ်ပုံတင်အမှတ်ကို သတ်မှတ်သော နည်းလမ်းနှင့် အညီ ဘိုင်လာတွင် ထွင်းထားရမည်၊

(ခ) မည်သူမျှ ပုဒ်မခွဲ (က) အရ ထွင်းထားသည့် မှတ်ပုံတင် အမှတ်ကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်ခြင်း၊ ပုံသဏ္ဌာန် ပျက်စီးအောင် ပြုလုပ်ခြင်း၊ မမြင်နိုင်စေရန် ပြုလုပ်ခြင်း၊ မူလအခြေအနေ ပျက်စီးရန် တနည်းနည်း ဖြင့် လုပ်ဆောင်ခြင်းကို မပြုလုပ်ရ။

၁၂။ ပိုင်ရှင်သည်—

(က) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီ အသုံးပြုခွင့် လက်မှတ်ရရှိပါက သတ်မှတ်သည့် နည်းလမ်းနှင့် အညီ ဘိုင်လာကို အသုံးပြုခွင့်ရှိသည်၊

(ခ) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီ အသုံးပြုခွင့် လက်မှတ်၏ သက်တမ်းကို ပြောင်းလဲလိုသဖြင့် စစ်ဆေး ခြင်းကို ခံယူလိုပါက ယင်းလက်မှတ်သက်တမ်းမကုန်ဆုံးမီ ကြိုတင်၍ စစ်ဆေးခံရန် လျှောက်ထားနိုင်သည်။

၁၃။ ပိုင်ရှင်သည် အသုံးပြုခွင့် လက်မှတ်သက်တမ်းမကုန်ဆုံးမီ လက်မှတ်အသစ်ကို ထုတ်ပေးရေးအတွက် လျှောက်ထားစဉ်ကာလတွင် အသုံးပြုခွင့်လက်မှတ်သက်တမ်း ကုန်ဆုံးသွားစေကာမူ စစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်အထိ ဘိုင်လာကို အသုံးပြုခွင့်လက်မှတ်တွင်ပါရှိသည့် ခွင့်ပြုဖိအားဖြင့် ဆက်လက်၍ အသုံးပြုနိုင်သည်။

၁၄။ ပိုင်ရှင်သည် အောက်ပါ ကိစ္စတစ်ရပ်ရပ်နှင့် ပတ်သက်၍ မကျေနပ်ပါက စစ်ဆေးရေးမှူးထံမှ အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း သုံးဆယ်အတွင်း စစ်ဆေးရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်—

(က) စစ်ဆေးရေးမှူး၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆုံးဖြတ်ချက်သဘော သက်ရောက်သည့် ဆောင်ရွက်ချက်၊

(ခ) စစ်ဆေးရေးမှူးက အသုံးပြုခွင့် လက်မှတ်ကို ထုတ်ပေးရေးနှင့်ပတ်သက်၍ ထောက်ခံရန် ငြင်းဆိုခြင်း သို့မဟုတ် ယာယီအသုံးပြုခွင့် လက်မှတ်ကိုထုတ်ပေးရန် ငြင်းဆိုခြင်း။

## အခန်း (၃)

### စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၅။ စစ်ဆေးရေးမှူးသည် ပိုင်ရှင်ထံမှ ပုဒ်မ ၃ ပုဒ်မခွဲ (က) အရ လျှောက်ထားသော လျှောက်လွှာကို ရရှိသည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည်—

(က) လျှောက်လွှာကို ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း သုံးဆယ်အတွင်း ဘွိုင်လာကိုစစ်ဆေးရမည်။ စစ်ဆေးမည့်ရက်ကို အနည်းဆုံး တစ်ဆယ့်ငါးရက်ကြိုတင်၍ ပိုင်ရှင်ထံသို့ အကြောင်းကြားရမည်၊

(ခ) သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်သည့် မြန်မာနိုင်ငံတော် စံ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံ အဖွဲ့က သတ်မှတ်သည့် စံ များနှင့်အညီ ဘွိုင်လာကိုစစ်ဆေးပြီးနောက် မှတ်ပုံတင် ပေး သင့် သည် ဟု ယူဆပါက သင့်လျော်သော ခွင့်ပြုဖိအားဖြင့် ယာယီ အသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးနိုင်သည်။ ထိုသို့ ထုတ်ပေးသည့်အခါ စစ်ဆေးတွေ့ရှိချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ်ထံသို့ အစီရင်ခံရမည်၊

(ဂ) ဘွိုင်လာကို စစ်ဆေးပြီးနောက် မှတ်ပုံတင်ပေးရန်မသင့်ဟု ယူဆလျှင်ဖြစ်စေ၊ ရည်ရွယ်တည်ဆောက်သော ဖိအားအောက်လျော့နည်း၍ မှတ်ပုံတင်ပေးသင့်သည်ဟု ယူဆလျှင်ဖြစ်စေ ပိုင်ရှင်ထံသို့ စာဖြင့်အမြန်ဆုံး အကြောင်းကြားရမည်။ ထို့အပြင် စစ်ဆေးရေးမှူးချုပ်ထံသို့လည်း အစီရင်ခံရမည်။

၁၆။ စစ်ဆေးရေးမှူးသည် စစ်ဆေးရေးမှူးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ထပ်မံ၍ စစ်ဆေးခြင်းပြုလုပ်ပြီးနောက် အသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးရန် သင့် မသင့်နှင့် ပတ်သက်၍ ယာယီ အသုံးပြုခွင့်လက်မှတ်သက်တမ်းမကုန်မီ စစ်ဆေးရေးမှူးချုပ်ထံသို့ ပြန် လည် တင် ပြ ရ မည်။ ထုတ်ပေးသင့်သည်ဟု ယူဆပါက ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် အသုံးပြုခွင့် လက်မှတ်ကိုပါ တင်ပြရမည်။

၁၇။ စစ်ဆေးရေးမှူးသည် ပိုင်ရှင်ထံမှ ပုဒ်မ ၃ ပုဒ်မခွဲ (ခ) အရ လျှောက်ထားသည့် လျှောက်လွှာကိုရရှိသည့်အခါ—

(က) ပုဒ်မ ၁၅ ပုဒ်မခွဲ (က) ပါအတိုင်းဆောင်ရွက်ရမည်၊

(ခ) အသုံးပြုခွင့်လက်မှတ်အသစ်ကို ထုတ်ပေးသင့်သည်ဟုယူဆပါက စစ်ဆေးတွေ့ရှိချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ်ထံသို့အစီရင်ခံရမည်။ ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် အသုံးပြုခွင့်လက်မှတ်ကိုပါ တင်ပြရမည်၊

(ဂ) ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ထားစဉ်အတွင်း သင့်လျော်သော ခွင့်ပြုဖိအားဖြင့် ယာယီအသုံးပြုခွင့် လက်မှတ်ကို ထုတ်ပေးနိုင်သည်။

၁၈။ စစ်ဆေးရေးမှူးသည် ပိုင်ရှင်ထံမှ ပုဒ်မ ၃ ပုဒ်မခွဲ (ခ) အရ လျှောက်ထားသည့် လျှောက်လွှာကိုရရှိပြီးနောက် ဘွိုင်လာကိုစစ်ဆေးသည့်အခါ အောက်ပါ အချက်တစ်ရပ်ရပ်ကိုတွေ့ရှိပါက မိမိ၏တွေ့ရှိချက်ကို ပိုင်ရှင်ထံသို့ စာဖြင့် အမြန်ဆုံးအကြောင်းကြားရမည့်အပြင် စစ်ဆေးရေးမှူးချုပ်ထံသို့လည်း အစီရင်ခံရမည်—

(က) အသုံးပြုခွင့်လက်မှတ်သက်တမ်းကိုလျှော့ချရန် လိုအပ်ခြင်း၊

(ခ) ခွင့်ပြုဖိအားတိုးမြှင့်ရန်၊ လျှော့ချရန်လိုအပ်ခြင်း၊

(ဂ) ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင်

တပ်ဆင်ထားသည့် ဖိအားခံသည့် အစိတ်အပိုင်းတစ်ခုခုကို ဖြစ်စေ ပြုပြင်ရန်၊ ပြောင်းလဲရန်၊ ဖြည့်စွက်ရန်၊ အသစ်လဲရန် လိုအပ်ခြင်း၊

(ဃ) ပြုပြင်သုံးစွဲ၍မရနိုင်လောက်အောင် ဘွိုင်လာအခြေအနေ ယိုယွင်းလာသဖြင့် ဆက်လက်အသုံးပြုရန် မသင့်ကြောင်း တွေ့ရှိခြင်း။

၁၉။ စစ်ဆေးရေးမှူးသည် ပိုင်ရှင်ထံမှ ပုဒ်မ ၅ အရ လျှောက်ထားသည့်လျှောက်လွှာကို ရရှိသည့်အခါ မိမိ၏သဘောထားမှတ်ချက်နှင့်အတူ လျှောက်လွှာကို စစ်ဆေးရေးမှူးချုပ်ထံသို့ တင်ပြရမည်။ စစ်ဆေးရေးမှူးချုပ်က ညွှန်ကြားသည့်အတိုင်း စစ်ဆေးမှုများပြုလုပ်ပြီးနောက် စစ်ဆေးတွေ့ရှိချက်နှင့် မိမိ၏သဘောထားမှတ်ချက်ကို ပြန်လည်တင်ပြရမည်။

၂၀။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၁၇ အရဖြစ်စေ၊ ပုဒ်မ ၁၈ ပုဒ်မခွဲ (က)၊ (ခ) အရ ဖြစ်စေ စစ်ဆေးရေးမှူးချုပ်ထံသို့ အစီရင်ခံထားစဉ် အတွင်း သင့်လျော်သောခွင့်ပြုဖိအားဖြင့် ယာယီအသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးနိုင်သည်။ ပုဒ်မ ၁၈ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ)ပါ အချက်တစ်ရပ်ရပ်နှင့် ပတ်သက်ပါက ယာယီအသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးခြင်းမပြုရ။

၂၁။ စစ်ဆေးရေးမှူးသည် သတ်မှတ်ထားသော နည်းလမ်းများနှင့် အညီ—

(က) မိမိတာဝန်ခံရသည့်နယ်မြေအတွင်းရှိ ဘွိုင်လာကိုစစ်ဆေးနိုင်သည်၊

(ခ) စစ်ဆေးရေးမှူးချုပ်၏ တာဝန်ပေးချက်အရ မည်သည့်နယ်မြေအတွင်းရှိ ဘွိုင်လာကိုမဆို စစ်ဆေးနိုင်သည်။

၂၂။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၂၁ ပါ တာဝန်ကို ထမ်းဆောင်ရာတွင် ဘွိုင်လာတည်ရှိသော မည်သည့် အဆောက်အအုံ အတွင်းသို့မဆို ဝင်ရောက်၍ စစ်ဆေးနိုင်ခွင့်ရှိသည်။

# အခန်း (၄)

## စစ်ဆေးရေးမှူးချုပ်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၃။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၁၅ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ(ဂ) အရ ဘိုင်လာကို မှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ စစ်ဆေးရေးမှူးက စစ်ဆေးတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို တင်ပြသည့်အခါ စိစစ်ပြီးနောက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်—

(က) ဘွိုင်လာကို မှတ်ပုံတင်ပေးနိုင်သည်။ ခွင့်ပြု ဖိအားကို သတ်မှတ်နိုင်သည်၊

(ခ) ဘွိုင်လာကို မှတ်ပုံတင်ပေးရန် ငြင်းဆိုနိုင်သည်၊

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) အရ ချမှတ်သောဆုံးဖြတ်ချက်ကို သတ်မှတ်သော ကာလအတွင်း ပိုင်ရှင်ထံသို့ အကြောင်းကြားရမည်။

၂၄။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၁၆ အရ ဖြစ်စေ၊ ပုဒ်မ ၁၇ ပုဒ်မခွဲ (ခ) အရ ဖြစ်စေ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကို ရရှိသည့်အခါ—

(က) အသုံးပြုခွင့် လက်မှတ်ကို ထုတ်ပေးရန်သင့်သည်ဟု ယူဆပါက စစ်ဆေးရေးမှူးက တင်ပြသည့် အသုံးပြုခွင့် လက်မှတ်တွင် ထပ်ဆင့်လက်မှတ် ရေးထိုးပြီးနောက် ပိုင်ရှင်ထံသို့ ပေးပို့ရမည်၊

(ခ) အသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးရန်မသင့်ဟု ယူဆပါက ဘွိုင်လာတွင် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများပြုလုပ်စေပြီးနောက် ဆောင်ရွက်ပြီးစီးမှုနှင့် ဘွိုင်လာ၏အခြေအနေကို ပြန်လည်တင်ပြရန် စစ်ဆေးရေးမှူးကိုညွှန်ကြားနိုင်သည်။

၂၅။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၁၈ အရ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကို ရရှိသည့်အခါ စစ်ဆေးရေးမှူးကို လိုအပ်သလို ညွှန်ကြားရမည်။ ထို့အပြင် ပိုင်ရှင်ထံသို့လည်း စာဖြင့် အမြန်ဆုံး အကြောင်းကြားရမည်။

၂၆။ စစ်ဆေးရေးမှူးချုပ်သည် အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီ အသုံးပြုခွင့်လက်မှတ်ကို မသမာသောနည်းလမ်းဖြင့် ရရှိထားကြောင်း စစ်ဆေးတွေ့ရှိလျှင် ယင်းလက်မှတ်ကို ရုပ်သိမ်းနိုင်သည်။

၂၇။ စစ်ဆေးရေးမှူးချုပ်သည် မည်သည့်နယ်မြေအတွင်းရှိ ဘွိုင်လာကိုမဆို စစ်ဆေးရန် စစ်ဆေးရေးမှူး တစ်ဦးဦးအား တာဝန်ပေးအပ်နိုင်သည်။

၂၈။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၁၄ အရ ပိုင်ရှင်ကလျှောက်ထားသည့်အခါ စိစစ်ပြီး အဆုံးအဖြတ်ပေးရမည်။ ထိုဆုံးဖြတ်ချက်ကို ပိုင်ရှင်ထံသို့ စာဖြင့်အကြောင်းကြားရမည်။

# အခန်း (၅)

## အသုံးပြုခွင့်လက်မှတ်၊ ယာယီအသုံးပြုခွင့်လက်မှတ် ပျက်ပြယ်ခြင်း

၂၉။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ အသုံးပြုခွင့် လက်မှတ်သည်လည်းကောင်း၊ ယာယီအသုံးပြုခွင့် လက်မှတ်သည်လည်းကောင်း ပျက်ပြယ်သည်––

(က) လက်မှတ်သက်တမ်း ကုန်ဆုံးခြင်း၊

(ခ) မတော်တဆ ထိခိုက်မှုဖြစ်ပွားခြင်း၊

(ဂ) ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက် တစ်ခုခုတွင် တပ်ဆင်ထားသည့် ဖိအားခံ အစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ဘေးအန္တရာယ် ဖြစ်စေနိုင်သော ယိုယွင်းမှုကြောင့် ပြုပြင်ရန်လိုအပ်သဖြင့် ဘွိုင်လာကိုအသုံးမပြုရန် စစ်ဆေးရေးမှူးချုပ် သို့မဟုတ် စစ်ဆေးရေးမှူးက ပိုင်ရှင်ထံသို့ အကြောင်းကြားခြင်း၊

(ဃ) တစ်နေရာမှ တခြားတစ်နေရာသို့ ဘွိုင်လာကို ရွှေ့ပြောင်းခြင်း၊ သို့ရာတွင် မီးရှိန်ရိုက်ဧရိယာ ၁၈.၆ စတုရန်းမီတာ သို့မဟုတ် ၂၀၀ စတုရန်းပေအောက် လျော့နည်းသော အလွယ်တကူ ရွှေ့ပြောင်းနိုင်သည့် ဘွိုင်လာနှင့် ဘီးတပ်ထားသောဘွိုင်လာ မပါဝင်၊

(င) ဘွိုင်လာ၊ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက် တစ်ခုခုကိုဖြစ်စေ၊ ယင်းဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက် တစ်ခုခုတွင် တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်းတစ်ခုခုကို

ဖြစ်စေ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်လဲခြင်း၊

(စ) ဘိုင်လာကို လုံလောက်သော စစ်ဆေးမှုများ မပြုလုပ်ပဲ အသုံးပြုခွင့် လက်မှတ်ကို ဖြစ်စေ၊ ယာယီ အသုံးပြုခွင့် လက်မှတ်ကိုဖြစ်စေ ထုတ်ပေးထားကြောင်း စစ်ဆေးတွေ့ရှိရခြင်း။

# အခန်း (၆)

## အယူခံခြင်း

၃၀။ သက်ဆိုင်ရာ ဝန်ကြီးဌာနသည် အယူခံအဖွဲ့ကို စက်မှုအတတ်ပညာရှင် အနည်းဆုံး နှစ်ဦးပါဝင်သည့် သင့်လျော်သော အဖွဲ့ဝင်သုံးဦးဖြင့် ဖွဲ့စည်းရမည်။

၃၁။ ပိုင်ရှင်သည် အောက်ပါ ကိစ္စတစ်ရပ်ရပ်နှင့် ပတ်သက်သည့် စစ်ဆေးရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ခြောက်ဆယ်အတွင်း အယူခံအဖွဲ့သို့ အယူခံနိုင်သည်—

(က) ဘွိုင်လာကို မှတ်ပုံတင်ပေးရန် ငြင်းဆိုခြင်း၊

(ခ) အသုံးပြုခွင့် လက်မှတ်ထုတ်ပေးရန် ငြင်းဆိုခြင်း၊

(ဂ) အသုံးပြုခွင့် လက်မှတ်သက်တမ်းကို လျှောက်ထားသည့် ကာလ အပိုင်းအခြားအောက် လျှော့နည်း၍ သတ်မှတ်ခြင်း၊

(ဃ) ပိုင်ရှင်လျှောက်ထားသော ခွင့်ပြုဖိအားကို သတ်မှတ်ပေးရန် ငြင်းဆိုခြင်း၊

(င) အသုံးပြုခွင့် လက်မှတ် သို့မဟုတ် ယာယီ အသုံးပြုခွင့် လက်မှတ်ကို ရုပ်သိမ်းခြင်း၊

(စ) အသုံးပြုခွင့် လက်မှတ်တွင် ပါရှိသည့် ခွင့်ပြုဖိအား သို့မဟုတ် သက်တမ်းကို လျှော့ချခြင်း၊

(ဆ) ပုဒ်မ ၁၂ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို ဆောင်ရွက်ပေးရန် ငြင်းဆိုခြင်း၊

(ဇ) ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက် တစ်ခုခုကိုဖြစ်စေ၊ ယင်း ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထား သော ဖိအားခံ အစိတ်အပိုင်း၊ ဘွိုင်လာတွင် တပ်ဆင် ထားသော ဖိအားခံအစိတ်အပိုင်း တစ်ခုခုကိုဖြစ်စေ ပြုပြင်စေခြင်း၊ ပြောင်းလဲစေခြင်း၊ ဖြည့်စွက်စေခြင်း၊ အသစ်လဲစေခြင်း၊

(ဈ) ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက် တစ်ခုခုကိုဖြစ်စေ၊ ယင်း ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထား သော ဖိအားခံအစိတ်အပိုင်း၊ ဘွိုင်လာတွင် တပ်ဆင် ထားသော ဖိအားခံ အစိတ်အပိုင်း တစ်ခုခုကိုဖြစ်စေ ပြုပြင်ခွင့်၊ ပြောင်းလဲခွင့်၊ ဖြည့်စွက်ခွင့်၊ အသစ်လဲခွင့် ပြုရန် လျှောက်ထားချက်ကို ငြင်းဆိုခြင်း။

၃၂။ အယူခံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၃၃။ အယူခံအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပိုင်ရှင်ထံသို့ စာဖြင့်အကြောင်း ကြားရမည်။

# အခန်း (၇)

## ပြစ်မှုနှင့် ပြစ်ဒဏ်

၃၄။ ပိုင်ရှင်သည် ပုဒ်မ ၅၊ ပုဒ်မ ၆၊ ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ငွေဒဏ်အနည်းဆုံး ကျပ်သုံးရာ၊ အများဆုံး ကျပ်ငါးရာ ကျခံစေရမည်။

၃၅။ ပိုင်ရှင်သည် ပုဒ်မ ၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ငွေဒဏ် အနည်းဆုံး ကျပ်ငါးရာ၊ အများဆုံး ကျပ်တစ်ထောင် ကျခံစေရမည်။ ပြစ်ဒဏ် ချမှတ်ခံရပြီးနောက် ပြစ်မှုကို ဆက်လက်၍ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ကျူးလွန်သောရက်များအတွက် တစ်ရက်လျှင် ငွေဒဏ် ကျပ်ငါးရာစီ ကျခံစေရမည်။

၃၆။ ပိုင်ရှင်သည် ပုဒ်မ ၈၊ ပုဒ်မ ၉ ပုဒ်မခွဲ (ခ)၊ (ဂ)၊ ပုဒ်မ ၁၁ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ငွေဒဏ်အနည်းဆုံး ကျပ်တစ်ထောင်၊ အများဆုံး ကျပ်နှစ်ထောင် ကျခံစေရမည်။

၃၇။ မည်သူမဆို ဘွိုင်လာ၏ မှတ်ပုံတင် အမှတ်ကို လိမ်လည်၍ ထွင်းကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ၊ လိမ်လည်၍ထွင်းရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ အနည်းဆုံး ထောင်ဒဏ် တစ်နှစ်၊ အများဆုံး ထောင်ဒဏ် နှစ်နှစ် သို့မဟုတ် အနည်းဆုံး ငွေဒဏ်ကျပ်ငါးရာ၊ အများဆုံး ငွေဒဏ် ကျပ်တစ်ထောင် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။

၃၈။ မည်သူမဆို ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်ရန် အားသုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ ငွေဒဏ်အနည်းဆုံး ကျပ်တစ်ထောင်၊ အများဆုံး ကျပ်နှစ်ထောင် ကျခံစေရမည်။

## အခန်း (၈)

## ကင်းလွတ်ခွင့်

၃၉။ သက်ဆိုင်ရာ ဝန်ကြီးဌာနသည် သတ်မှတ်ချက်များနှင့် ညီညွတ်သော အောက်ပါတို့ကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့် ပြုနိုင်သည်—

(က) အဆောက်အအုံတွင် အပူငွေ့ပေးရန်၊ ရေနွေးပေးရန် အသုံးပြုသော ဘွိုင်လာ၊

(ခ) အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုသော ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်။

၄၀။ အောက်ပါတို့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မသက်ဆိုင်စေရ—

(က) The Burma Merchant Shipping Act ပုဒ်မ ၂ တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသော မီးသင်္ဘောတွင် အသုံးပြုသည့် ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်၊

(ခ) The Inland Steam Vessels Act ပါ မီးသင်္ဘောတွင် အသုံးပြုသည့် ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်၊

(ဂ) ကာကွယ်ရေး ဝန်ကြီးဌာနပိုင် သို့မဟုတ် ကာကွယ်ရေး ဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်ရှိ ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်၊

(ဃ) ရထားပို့ဆောင်ရေးကော်ပိုရေးရှင်းပိုင် ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်။

## အခန်း (၉)

### အထွေထွေ

၄၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် အလို့ငှာ သက်ဆိုင်ရာ ဝန်ကြီးဌာနသည်—

(က) လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ရမည်၊

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။

၄၂။ The Boilers Act ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။